ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

NATIONAL COUNCIL OF THE UNION OF BURMA

# (၂၂)နှစ်မြောက် "၈၈၈၈"ရှစ်လေးလုံးနေ့ ထုတ်ပြန်ကြေညာချက်

၁။ ၁၉၈၈ခုနှစ် ဩဂုတ်(၈)ရက်နေ့တွင် စတင်ခဲ့သည့် ရှစ်လေးလုံး လူထုအုံကြွ တော်လှန်ရေးကြီးတရပ်သည် မြန်မာနိုင်ငံတွင် ပေါ် ပေါက်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၂၂)နှစ်တိုင်ခဲ့ပြီဖြစ်သည်။ **"၈၈၈၈"**တိုက်ပွဲကြီးအတွင်း အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းအပေါင်းအား လေးနက်တည်ကြည်စွာ ဦးညွှတ်ဂုဏ်ပြုလိုက်ပါသည်။

၂။ **"၈၈၈၈"**တိုက်ပွဲသည် လူထုစွမ်းအားကို မည်သည့်အာဏာရှင်မျှ တားဆီးမရနိုင်ဟူသည့် တော်လှန်စစ်သဘောတရား၏ ခိုင်မာသည့် ပြယုဂ်ဖြစ်သည်။ လူထုစွမ်းအားဖြင့်သာ မိမိတို့၏ ရည်မှန်းချက်ကို အရောက်လှမ်းနိုင်မည်ဆိုသည့်အချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် အလေးအနက် ယုံကြည်သည်။

၃။ **"၈၈၈၈"** တိုက်ပွဲကြီးတွင်ဖေါ်ပြခဲ့သည့် ပြည်သူတရပ်လုံး၏ ရင်တွင်းဆန္ဒမှန်ကို နအဖစစ်အုပ်စုက ယနေ့တိုင် ငြင်းဆန်ကာ တိုက်ပွဲ၏ သမိုင်းနှင့် ရလာဒ်များကို ဖျက်ဆီးနိုင်ရေးအတွက် မီးကုန်ယမ်းကုန် ကြိုးပမ်းလျှက်ရှိသည့်အပြင် စစ်အာဏာရှင်စနစ် ရာသက်ပန် သက်ဆိုးရှည်ရေးအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံအပေါ်အခြေခံသည့် ၂၀၁၀ ရွေးကောက်ပွဲကို လူထုဆန္ဒသဘောထားမပါဘဲ တဖက်သတ် ဆောင်ရွက်နိုင်ရန် အားထုတ်လျှက်ရှိသည်။

၄။ ယနေ့ကာလ တိုင်းပြည်နှင့် ပြည်သူတရပ်လုံး၏ ဘဝသည် မကြုံစဘူးအောင် အထွေထွေအကြပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။ ယင်းအခြေအနေဆိုးများကို ကျော်လွှားနိုင်ရန်မှာ တဦးကောင်း၊ တပါတီကောင်း လုပ်ဟန်ဖြင့် ဆောင်ရွက်၍မရ၊ တိုင်းရင်းသားပေါင်းစုံ ပြည်သူတရပ်လုံး၏ စုစည်းညီညွတ်မှုစွမ်းအားဖြင့် တညီတညွတ်တည်း တွန်းလှန်တိုက်ဖျက်သွားမှသာ စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်နိုင်ဟု အလေးအနက်ခံယူကာ ညီညွတ်ရေးအတွက် ပြည်တွင်းပြည်ပ အင်အားစုအားလုံးနှင့်အတူ လက်တွဲသွားရန် မိမိတို့အနေဖြင့် အသင့်ရှိသည်။

၅။ **"၈၈၈၈"**လှုပ်ရှားမှုကြီးတွင် အသက်စွန့်တိုက်ပွဲဝင်ခဲ့သော သူရဲကောင်းအပေါင်းတို့၏ မပြီးဆုံးသေးသည့် စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးတိုက်ပွဲကို ရှစ်လေးလုံး တိုက်ပွဲဝင်စိတ်ဓါတ်ဖြင့် ပြတ်ပြတ်သားသား စည်းခြားတိုက်ပွဲဝင်သွားရန် သမိုင်းက တောင်းဆိုနေပြီဖြစ်သည်။

၆။ ထို့ကြောင့် ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီအနေဖြင့် စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းနိုင်ရေးအတွက် ယနေ့ကာလ တိုက်ပွဲလုပ်ငန်းစဉ်များဖြစ်သော ၂၀၀၈ ဖွဲ့စည်းပုံ ဖျက်သိမ်းရေးနှင့် ၂၀၁၀ ရွေးကောက်ပွဲ တိုက်ဖျက်ရေးလုပ်ငန်းစဉ်တို့ကို တိုင်းရင်းသားပေါင်းစုံ ပြည်သူတရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း (၂၂)နှစ်မြောက် ရှစ်လေးလုံးအခါသမယနေ့တွင် သန္နိဋ္ဌာန်ပြုရင်း ဤထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်လိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ**(NCUB)**
၂၀၁၀ခုနှစ်၊ ဩဂုတ်လ(၈)ရက်

ဆက်သွယ်ရန်။ ။ ဦးမျိုးဝင်း(ဖုန်း –၆၆၈၁–၀၃၅–၃၄၅၈)